ဂန္ထုပ္ပတ္တိ နိဒါနကထာ

ရှင်တစ်ရာကျောင်းတိုက်

၁။ ရှင်တစ်ရာကျောင်းတိုက်ကား မြောက်ဥက္ကလာပတစ်ဖက်ကမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) ၄၈-ရပ်ကွက်တွင်တည်ရှိပါသည်။ ဤရှင်တစ်ရာကျောင်းတိုက်ကို လွန်ခဲ့သည့် နှစ်-၃၀ ခန့်က တည်ထောင်ခဲ့ပါသည်။ "ပဋ္ဌာန်းမြန်မာပြန်အနှစ်ချုပ်"ကျမ်း ဖြစ်မြောက်ရေး အားထုတ်ခဲ့သော ကျွန်ုပ်ကား ဤကျောင်းတိုက်၏ အာဒိကမ္မိက ဖြစ်ပါသည်။

ပဋ္ဌာန်းပူဇော်ပွဲနှင့် ပဋ္ဌာန်းပူဇော်ရေးအဖွဲ့

၂။ ရှင်တစ်ရာကျောင်းတိုက်ကို တည်ထောင်ပြီးနောက် သာသနာပြုလုပ်ငန်းများတွင် "ပဋ္ဌာန်းပူဇော်ပွဲ" သည်လည်း အဓိကပါဝင်ပါသည်။

ပဋ္ဌာန်းပူဇော်ပွဲ၌ စိတ်ပါဝင်စားသူ၊ လေးစားကြည်ညိုသူ၊ အကျိုးထူးကိုယ်တွေ့ရရှိသူ၊ သဒ္ဓါအားထက်သန်သူ များပြားလာသောအခါ "ရှင်တစ်ရာပဋ္ဌာန်းပူဇော်ရေးအဖွဲ့" ကို ဖွဲ့စည်း၍ ပဋ္ဌာန်းသာသနာပြန့်ပွားစေရန် ဆက်လက်အားထုတ်ခဲ့ပါသည်။

ရှင်တစ်ရာပဋ္ဌာန်းပူဇော်ရေးအဖွဲ့ဝင်များ ရန်ကုန်တိုင်းအတွင်း အသံမစဲပဋ္ဌာန်း ပူဇော်ပွဲများ ကျင်းပလာခဲ့သည်မှာယနေ့အထိ အကြိမ်တစ်ထောင်ကျော်မျှရှိခဲ့ပါပြီ၊ ဤပဋ္ဌာန်း ဒေသနာ၏အကျိုးထူးကို လက်တွေ့သိမြင်လာသူတို့မှာလည်း ဦးရေမနည်းလှပါပြီ။

ပဋ္ဌာန်းပူဇော်ရေးအဖွဲ့ဝင်များနှင့်
တရားနာယူသူတို့၏တောင့်တချက်

၃။ ပဋ္ဌာန်းပူဇော်ရေးအဖွဲ့ဝင်များသည်လည်းကောင်း၊ ပဋ္ဌာန်းတရားကြားနာသူတို့သည် လည်းကောင်း ပဋ္ဌာန်းဒေသနာ၏အကျိုးထူးကို ကိုယ်တွေ့သိမြင်လာသောအခါ ဤပဋ္ဌာန်း ဒေသနာကို သာမန်ရွတ်တတ်ရုံ၊ ဖတ်တတ်ရုံ၊ ကြားနာရုံမျှနှင့်အားမရတော့ဘဲ ပဋ္ဌာန်း ဒေသနာ၏သဘောသဘာဝ၊ ပဋ္ဌာန်းဒေသနာနှင့်ဆိုင်သော အများနားလည်သဘောပေါက် နိုင်သော ကျမ်းစာတစ်အုပ် အားထုတ်ပေးပါရန် တောင်းဆိုဆန္ဒပြုလာကြပါသည်။

အခက်အခဲ

၄။ ရှင်တစ်ရာကျောင်းတိုက်ကိုတည်ထောင်စက ဤမျှလောက်စည်ပင်မှုမရှိသေးချေ၊ နေရေးကအစ အန္တရာယ်များစွာ၊ အခက်အခဲများစွာရှိပါသည်။ အထောက်အပံ့အကူ

အညီလည်း အလွန်နည်းလှပါသည်။ ရတနာသုံးပါးဂုဏ်ကျေးဇူးဖြင့် ဤအခြေအနေရောက် အောင် ကိုယ့်အားကိုယ်ကိုး သာသနာပြုခဲ့ရပါသည်။

ထို့ကြောင့် ပဋ္ဌာန်းပူဇော်ရေးအဖွဲ့ဝင်များ၏တောင့်တချက်ကို အပြည့်အဝမဖြည့် စွမ်းနိုင်ဘဲ ပဋ္ဌာန်းဒေသနာ၏သဘောသဘာဝကိုသာ ကြိုးကြားကြိုးကြား သင်တန်းပေး၍ ဖြည့်ဆည်းခဲ့ရပါသည်။

ပဋ္ဌာန်းသမိုင်း

၅။ လူ့လောကတွင် ဗုဒ္ဓစာပေအရ ကမ္ဘာသည်-

(က) သုညကမ္ဘာ - ဘုရားမပွင့်သောကမ္ဘာ၊

(ခ) အသုညကမ္ဘာ - ဘုရားပွင့်သောကမ္ဘာဟူ၍ (၂)မျိုးရှိပါသည်။

ထို (၂)မျိုးတွင် "အသုညကမ္ဘာ - ဘုရားပွင့်သောကမ္ဘာ" ၌-

(က) သာရကမ္ဘာ - ဘုရားတစ်ဆူပွင့်သောကမ္ဘာ၊

(ခ) မဏ္ဍကမ္ဘာ - ဘုရားနှစ်ဆူပွင့်သောကမ္ဘာ၊

(ဂ) ဝရကမ္ဘာ - ဘုရားသုံးဆူပွင့်သောကမ္ဘာ၊

(ဃ) သာရမဏ္ဍကမ္ဘာ - ဘုရားလေးဆူပွင့်သောကမ္ဘာ၊

(င) ဘဒ္ဒကမ္ဘာ - ဘုရားငါးဆူပွင့်သောကမ္ဘာဟူ၍ ကမ္ဘာ(၅)မျိုးကွဲပြားပါသည်။

ဘဒ္ဒကမ္ဘာ

၆။ ယခုကမ္ဘာကား ဘုရားငါးဆူပွင့်ထွန်းသော ဘဒ္ဒကမ္ဘာဖြစ်ပါသည်။ ဤဘဒ္ဒကမ္ဘာ၌ ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဟူသောအမည်တော်တို့ဖြင့် ဘုရားသုံးဆူပွင့်ထွန်းတော် မူပြီး၊ မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်နေ့၊ အရုဏ်တက်ခါနီးဆဲဆဲတွင် လေးဆူ မြောက်ဘုရား ပွင့်ထွန်းတော်မူလာပါသည်။

ထိုဘုရားရှင်ကား ဇမ္ဗူဒီပ အိန္ဒိယပြည်မြောက်ပိုင်း၊ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနနှင့် မယ်တော်မဟာမာယာဒေဝီတို့၏သားတော်ဖြစ်ပါသည်။ အမည်တော်မှာ သိဒ္ဓတ္ထဖြစ်ပါ သည်။ သိဒ္ဓတ္ထမင်းသားသည် (၁၆)နှစ်အရွယ်တွင် ဘဒ္ဒကစ္စာနာ၊ ဗိမ္ဗာဒေဝီ၊ ယသောဓရာ အမည်တော်ရှိသော နမတော်နှင့်လက်ထပ်ထိမ်းမြား၍ သားတော်တစ်ပါးထွန်းကားခဲ့ပါ သည်။ သားတော်အမည်မှာ ရာဟုလာဖြစ်ပါသည်။

ဘုရားလောင်းသိဒ္ဓတ္ထမင်းသားသည် အသက်(၂၉)နှစ်တွင် တောထွက်၍ ဥရုဝေလ တော၌ ဒုက္ကရစရိယာ (၆)နှစ်လုံးလုံးကျင့်တော်မူပြီး၊ မဇ္ဈိမပဋိပဒါ မဂ္ဂင်လမ်းစဉ်ဖြင့် မဟာ

သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်နေ့ အရုဏ်တက်ခါနီးဆဲဆဲတွင် ဗုဒ္ဓဘွဲ့ကိုခံယူပြီး ဘုရား ဖြစ်တော်မူလာခဲ့ပါသည်။ ဘုရားဖြစ်တော်မူသောအခါ အမည်တော်မှာ အနွယ် (ဂေါတ္တ)ကို စွဲမှီ၍ ဂေါတမဘုရားရှင်ဟုတွင်လာပါသည်။

ဗုဒ္ဓရတနာ

၇။ ဤဂေါတမဘုရားလက်ထက်တော်၌ ဗုဒ္ဓရတနာ၏အစသည် မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်နေ့ အရုဏ်တက်ခါနီးဆဲဆဲဖြစ်ပါသည်။

ဓမ္မရတနာ

၈။ ထိုဂေါတမဘုရားရှင်ဟောမြွက်တော်မူသောစကားတော်သည် ဓမ္မရတနာဖြစ်ပါ သည်။ ထိုဓမ္မရတနာအစကား မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်နေ့ အရုဏ်တက် ခါနီးဆဲဆဲတွင် ဘုရားအဖြစ်သို့ရောက်ရှိတော်မူပြီးနောက် အလွန်ဝမ်းမြောက်သော စိတ်တော် ဖြင့် ဥဒါန်းကျူးရင့်မြွက်ဆိုတော်မူလိုက်သော "အနေကဇာတိသံသာရံ" အစရှိသော စကားတော်ဖြစ်ပါသည်။ ဤစကားတော်သည် ဂေါတမဘုရားရှင်လက်ထက်တော်၌ ဓမ္မရတနာအစဖြစ်ပါသည်။

သံဃာရတနာ

၉။ သံဃာရတနာအစကား ဂေါတမဘုရားရှင်ပွင့်ထွန်းတော်မူပြီးနောက် ရက်ပေါင်း (၅၉)ရက်မြောက်ဖြစ်သော မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့်နေ့ဖြစ်ပါသည်။ ဘုရားရှင် သည် ဤဝါဆိုလပြည့်နေ့ နေအဝင်လအထွက်အချိန်၌ ဗာရာဏသီပြည်အနီး မိဂဒါဝုန် တောတွင် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ဟူသောပဉ္စဝဂ္ဂီ (၅)ဦးတို့အား ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။ ဓမ္မစကြာတရားအပြီး အရှင် ကောဏ္ဍညသည် သောတာပန်ဖြစ်၍ သံဃာရတနာဖြစ်လာပါသည်။ ထို့ကြောင့် အရှင် ကောဏ္ဍညသည် ဂေါတမဘုရားရှင်လက်ထက်တော်၌ သံဃာရတနာအစဖြစ်ပါသည်။

ပဋ္ဌာန်းဒေသနာ

၁၀။ ဘုရားရှင်သည် ဘုရားအဖြစ်သို့ရောက်ရှိတော်မူသောအခါ ဘုရားဖြစ်တော်မူသော ဥရုဝေလတော၌ သတ္တဋ္ဌာန ခုနစ်နေရာတွင် တစ်နေရာရာ၌ (၇)ရက်စီသီတင်းသုံးတော်မူ ပါသည်။

ဘုရားရှင်သည် ဘုရားဖြစ်၍ (၂၂)ရက်မြောက်သောနေ့တွင် ဥရုဝေလတော၊ ဗောဓိပင်၏အနောက်မြောက်အရပ်၊ နတ်တို့ဖန်ဆင်းအပ်သော ရတနာဃရစ်ကျောင်း တော်၌ စတုတ္ထသတ္တာဟအဖြစ် (၇)ရက်သီတင်းသုံးတော်မူပါသည်။

ဘုရားရှင်သည် ရတနာဃရစ်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အဘိဓမ္မာ (၇)ကျမ်းကိုသုံးသပ်ဆင်ခြင်တော်မူပါသည်။ ဘုရားရှင်သည် အဘိဓမ္မာ(၇)ကျမ်းတွင် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်ကျမ်းများကို အစဉ် အတိုင်းသုံးသပ်ဆင်ခြင်တော်မူရာ၌ ဘုရားရှင်အတွက်မည်သို့မျှထူးခြားချက်များဖြစ်တော် မမူပါ၊ နောက်ဆုံးပဋ္ဌာန်းဒေသနာကိုဆင်ခြင်တော်မူလိုက်သောအခါမှ ဘုရားရှင်၏ ကိုယ်တော်မှ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရ ဟူသောရောင်ခြည်တော် ခြောက်သွယ် ထူးထူးခြားခြားကွန့်မြူးထွက်ပေါ်တော်မူလာကြပါသည်။ ဤအခါမှစ၍ ပဋ္ဌာန်းဒေသနာအစပြုခဲ့ပါသည်။

ဤ၌ဘုရားရှင်သည် ဤပဋ္ဌာန်းဒေသနာကို နှုတ်တော်ဖြင့်ဟောမြွက်တော်မူခြင်း မဟုတ်ပါ၊ စိတ်တော်ဖြင့်သုံးသပ်ဆင်ခြင်တော်မူခဲ့ခြင်းသာဖြစ်ပါသည်။ ဤပဋ္ဌာန်းဒေသနာကို နှုတ်တော်ဖြင့်မြွက်ဟဟောကြားတော်မူခြင်းကား တာဝတိံသာနတ်ပြည်၌ ဟောတော်မူခြင်း ဖြစ်ပါသည်။

ဘုရားရှင်သည် သတ္တမဝါကပ်တော်မူမည့် ဝါဆိုလပြည့်နေ့တွင် သာဝတ္ထိပြည်အနီး သရက်ဖြူပင်ရင်း၌ သီတင်းသုံးတော်မူလျက် မိစ္ဆာဒိဋ္ဌိတို့ကိုနှိမ်နင်းရန်အတွက် ယမကပြာ ဋိဟာကိုပြတော်မူပါသည်။ ယမကပြာဋိဟာကိုပြတော်မူပြီးနောက် တာဝတိံသာနတ်ပြည်သို့ နှစ်လှမ်းသုံးဖဝါးဖြင့်ကြွသွားတော်မူပါသည်။ ဘုရားရှင်သည် တာဝတိံသာနတ်ပြည် ပင်လယ် ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်တွင်သီတင်းသုံးတော်မူလျက် မယ်တော် ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကိုအမှူးထားကာ စကြဝဠာတိုက်တစ်သောင်းမှ နတ်ပြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကို နှုတ်တော်မှမြွက်ဟလျက် ဟောကြား တော်မူပါသည်။

ဘုရားရှင်သည် အဘိဓမ္မာ(၇)ကျမ်းတွင်-

ဓမ္မသင်္ဂဏီကျမ်းကို (၁၂)ရက်၊

ဝိဘင်းကျမ်းကို (၁၂)ရက်၊

ဓာတုကထာကျမ်းကို (၆)ရက်၊

ပုဂ္ဂလပညတ်ကျမ်းကို (၇)ရက်၊

ကထာဝတ္ထုကျမ်းကို (၈)ရက်၊

ယမိုက်ကျမ်းကို (၂၀)ရက်၊

ပဋ္ဌာန်းကျမ်းကို (၂၅)ရက်ဟောကြားတော်မူရာ သီတင်းကျွတ်လပြည့် နေ့တွင် အဘိဓမ္မာတရားဟောကြားမှုပြီးဆုံးပါသည်။

အဘိဓမ္မာ(၇)ကျမ်းတွင် ဤပဋ္ဌာန်းဒေသနာကား ဘုရားရှင်(၂၅)ရက်ကြာ ရက်အများ ဆုံးဟောကြားရသောဒေသနာဖြစ်ပါသည်။ သိမ်မွေ့မြင့်မြတ်၍ နက်နဲကြီးကျယ်သော ဒေသနာလည်းဖြစ်ပါသည်။ တန်ခိုးကြီးသော နတ်ပြဟ္မာများ အလွန်ရှိသေမြတ်နိုးစွာ ကြားနာလိုသောဒေသနာလည်းဖြစ်ပါသည်။

ပဋ္ဌာန်း(၃)မျိုး

၁၁။ ဤပဋ္ဌာန်းဒေသနာကား (၃)မျိုးရှိပါသည်-

(က) အတိဝိတ္ထာရပဋ္ဌာန်း - အလွန်ကျယ်သောပဋ္ဌာန်း၊ ဤပဋ္ဌာန်းကား ဘုရားရှင် တာဝတိံသာနတ်ပြည်တွင် ဟောကြားတော်မူသောပဋ္ဌာန်းဖြစ်ပါသည်။

(ခ) အတိသင်္ခေပပဋ္ဌာန်း - အလွန်ကျဉ်းသောပဋ္ဌာန်း၊ ဤပဋ္ဌာန်းကား ဟိမဝန္တာ၊ စန္ဒကူးတော၌ ဘုရားရှင် အရှင်သာရိပုတ္တရာအားဟောကြားတော်မူသော ပဋ္ဌာန်းဖြစ်ပါသည်။

(ဂ) နာတိဝိတ္ထာရနာတိသင်္ခေပပဋ္ဌာန်း - မကျဉ်းလွန်း၊ မကျယ်လွန်းသောပဋ္ဌာန်း၊ ဤပဋ္ဌာန်းကား၊ အရှင်သာရိပုတ္တရာမထေရ်မြတ် လင်းနို့သားငါးရာဖြစ်ခဲ့ ဖူးသော မိမိတပည့်ရဟန်းငါးရာတို့အား တစ်ဆင့်ပြန်၍ ဟောကြားသော ပဋ္ဌာန်းဖြစ်ပါသည်။

ထေရဝါဒပဋ္ဌာန်း

၁၂။ ယနေ့ ထေရဝါဒဗုဒ္ဓဘာသာ၌ ထင်ရှားရှိနေသောပဋ္ဌာန်းဒေသနာကား အရှင်သာရိ-ပုတ္တရာမထေရ် မိမိတပည့်ရဟန်းငါးရာတို့အား တစ်ဆင့်ပြန်၍ ဟောကြားသော "နာတိဝိတ္ထာရ နာတိသင်္ခေပ" - မကျဉ်းလွန်း၊ မကျယ်လွန်းသောပဋ္ဌာန်းဒေသနာတော် ဖြစ်ပါသည်။

ပဋ္ဌာန်းကျမ်းငယ် (၂၄)ကျမ်း

၁၃။ ဤပဋ္ဌာန်းဒေသနာတွင် ပဋ္ဌာန်းကျမ်းငယ်ပေါင်း (၂၄)ကျမ်းပါဝင်ပါသည်။ ပဋ္ဌာန်း ကျမ်းငယ်(၂၄)ကျမ်းတို့ကား-

ဓမ္မာနုလောမတိကပဋ္ဌာန်း၊

ဓမ္မာနုလောမဒုကပဋ္ဌာန်း၊

ဓမ္မာနုလောမတိကဒုကပဋ္ဌာန်း၊

ဓမ္မာနုလောမဒုကတိကပဋ္ဌာန်း၊

ဓမ္မာနုလောမတိကတိကပဋ္ဌာန်း၊

ဓမ္မာနုလောမဒုကဒုကပဋ္ဌာန်းဟူ၍ "ဓမ္မာနုလောမ" ၌ ပဋ္ဌာန်းငယ်(၆)ကျမ်း၊ အလားတူ "ဓမ္မပစ္စနီယ" ၌ ပဋ္ဌာန်းငယ်(၆)ကျမ်း၊ "ဓမ္မာနုလောမပစ္စနီယ" ၌ ပဋ္ဌာန်းငယ် (၆)ကျမ်း၊ "ဓမ္မပစ္စနီယာနုလောမ" ၌ ပဋ္ဌာန်းငယ်(၆)ကျမ်းအားဖြင့် ပဋ္ဌာန်းကျမ်းငယ် ပေါင်း(၂၄)ကျမ်းရှိပါသည်။

ဤပဋ္ဌာန်း(၂၄)ကျမ်းကို "ပေယျာလ"မြှုပ်၍လည်းကောင်း၊ "အမှာစကားချပ်"၍ လည်းကောင်းအကျဉ်းချုံးကာ ဆဋ္ဌသံဂါယနာစာအုပ်ဆိုက်အတွဲ(၅)တွဲဖြင့်ရိုက်နှိပ်ထား ပါသည်။ အတွဲ(၅)တွဲတွင် စာမျက်နှာပေါင်း (၂၆၄၀)ရှိပါသည်။

အကျဉ်းချုံးခြင်း

၁၄။ ဤပဋ္ဌာန်းကျမ်း၌ အကျဉ်းချုံးထားပုံမှာ (၂)မျိုးရှိပါသည်။

(က) ပေယျာလမြှုပ်၍ချုံးခြင်း - ပေယျာလမြှုပ်၍ အကျဉ်းချုံးခြင်း၌ "ပေယျာလ" ဟူသည်မှာ (ပေယျာလ)ကို (ပေယျံ + အလံ)ဟု ပုဒ်ခွဲ၍ "ပေယျံ-သိခြင်းငှာ" "အလံ-သင့်တော်ပြီ" ဟု သိနိုင်လောက်သောစကားရပ်များကို (ပ)ဟု အမှတ်အသားပြကာ အကျဉ်းချုံး ထားခြင်းဖြစ်ပါသည်။

(ခ) အမှာစကားချပ်၍ချုံးခြင်း - အမှာစကားချပ်၍အကျဉ်းချုံးခြင်း၌ "သံခိတ္တုံ-ချုံးအပ်၏" ဟူ၍လည်းကောင်း၊ "သဒိသံဂမန်-အလားတူပြီ" ဟူ၍လည်း ကောင်း၊ "ဇဝံ ဂဏေတဗ္ဗံ - ဤနည်းအတိုင်းရေတွက်အပ်၏" ဟူ၍လည်း ကောင်း၊ "စတ္တံ ကာတဗ္ဗံ - စက်လှည့်အပ်၏" ဟူ၍လည်းကောင်း၊ "ပရိပုဏ္ဏံ ကာတဗ္ဗံ - အပြည့်အစုံပြုသင့်၏" ဟူ၍လည်းကောင်း၊ "ဝိတ္ထာရေန ဂဏေ-တဗ္ဗံ - အကျယ်ရေတွက်အပ်၏" ဟူ၍လည်းကောင်း၊ "အဝသေသာ သဒိသာ - အကြွင်းတူပြီ" ဟူ၍လည်းကောင်း ဤသို့ ဤသို့ စသည်ဖြင့် အမှာစကားချပ်၍ အကျဉ်းချုံးခြင်းများစွာရှိပါသည်။

ဤသို့ပဋ္ဌာန်းဒေသနာကို "ပေယျာလ" မြှုပ်၍လည်းကောင်း၊ အမှာစကားချပ်၍ လည်းကောင်း အကျဉ်းချုံးထားသော်မှ အတွဲ(၅)တွဲ ဆဋ္ဌသံဂါယနာဆိုက်ကြီးဖြင့် စာမျက်နှာ (၂၆၄၀)ရှိလေရာ အလွန်ကြီးသောကျမ်းကြီးဖြစ်ပါသည်။

ခက်ခဲ၊ နက်နဲ

၁၅။ ဤပဋ္ဌာန်းဒေသနာကား အဓိပ္ပာယ်သဘောသဘာဝကို သဘောပေါက်နားလည်ရန် ခက်ခဲပြီး နက်နဲခြင်း(၄)ပါးနှင့်ပြည့်စုံသောဒေသနာဖြစ်ပါသည်။ ထို့ကြောင့်ရှေးဆရာများက ပိဋကတ်တော်များတွင် ခက်ခဲသောကျမ်းများကို ဖော်ပြရာ၌- "ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ် ဆန်း၊ ကျမ်းလတ်ဓာတုကထာ"ဟူ၍ အဆိုပြုထားကြရာ ခက်ခဲသောဒေသနာအဖြစ်ထင်ရှား ပါသည်။

ဤပဋ္ဌာန်းဒေသနာ၏နက်နဲခြင်းကား (၄)ပါးရှိပါသည်။

(က) ဓမ္မဂမ္ဘီရ - ဝေါဟာရ ပုဒ်၊ ဝါကျတို့နက်နဲခြင်း၊

(ခ) အတ္ထဂမ္ဘီရ - အနက်အဓိပ္ပာယ် သဘောသဘာဝတို့နက်နဲခြင်း၊

(ဂ) ဒေသနာဂမ္ဘီရ - ဟောပုံ ဟောနည်း အစီအစဉ်တို့နက်နဲခြင်း၊

(ဃ) ပဋိဝေဓဂမ္ဘီရ - ထိုးထွင်းသိမြင် ဉာဏ်ပညာ၏နက်နဲခြင်းတို့ဖြစ်ပါသည်။

ဤပဋ္ဌာန်းကျမ်း၊ ပဋ္ဌာန်းဒေသနာကို ရွတ်ဖတ်သရဇ္ဈာယ်ပါက ဘေးအန္တရာယ်ကင်း ပျောက်၍ လောကီကောင်းကျိုးချမ်းသာ၊ လောကုတ္တရာကောင်းကျိုးချမ်းသာများ မုချ ဖြစ်ထွန်းလာနိုင်ပါသည်။

ပဋ္ဌာန်းမြန်မာပြန်အနှစ်ချုပ်

၁၆။ ဤသို့ ခက်ခဲနက်နဲပြီးအကျိုးထူးလှသော ပဋ္ဌာန်းဒေသနာတော်ကြီး၌ သက်ဝင် ယုံကြည်အားကိုးကြသောပုဂ္ဂိုလ်များအတွက် အများနားလည်သဘောပေါက်နိုင်စေရန် ရည်သန်လျက် ထိုက်သင့်သောပဋ္ဌာန်းသဘောသဘာဝများကို ဆဋ္ဌသံဂါယနာမူပဋ္ဌာန်းပါဠိ တော်များမှ အနှစ်ချုပ်၍ မြန်မာပြန်ဆိုခဲ့ပါသည်။

ထိုသို့မြန်မာပြန်ဆိုရာ၌ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူသော ပရမတ္ထဓမ္မတို့၏ သဘောသဘာဝကိုလည်းကောင်း၊ ယင်းပရမတ္ထဓမ္မတို့၏ အကြောင်း-ပစ္စည်း, အကျိုး-ပစ္စယုပ္ပန်နှင့် ပစ္စယသတ္တိတို့၏သဘောသဘာဝကိုလည်းကောင်း အလွန်ထင်ရှားစေသော အပိုင်းကဏ္ဍများကို ဦးစားပေးပြန်ဆိုထားပါသည်။

ပဋ္ဌာန်းပါဠိတော် (၅)တွဲအနက် ယခုပထမတွဲကို "ပဋ္ဌာန်းမြန်မာပြန်အနှစ်ချုပ်" အဖြစ် ကြိုးပမ်းအားထုတ်ပြီးခဲ့ရာ စာအုပ်အဖြစ်ထုတ်ဝေနိုင်ရန် နိုင်ငံတော်စာပေဆု များစွာနှင့်ပထမကျော်ဘွဲ့၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့တံဆိပ်ရ ပညာရေးဝန်ကြီး ဌာန၊ မြန်မာစာအဖွဲ့၊ အချိန်ပြည့်အဖွဲ့ဝင် ဆရာကြီးဦးမြတ်ကျော်က တည်းဖြတ်ကူညီပေး ပါသည်။

ကျေးဇူးစကား

၁၇။ ဤသို့ ဤ"ပဋ္ဌာန်းမြန်မာပြန်အနှစ်ချုပ်" ကျမ်းဖြစ်ပေါ်လာမှု၌ တစ်နည်းမဟုတ် တစ်နည်း ပါဝင်ကူညီအားပေးခဲ့သော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ လောကဦးချောင် ဝိဟာရာဓိပတိ အဂ္ဂမဟာပဏ္ဍိတ မဟာဝိဇ္ဇာ ဘဒ္ဒန္တသုမနာစာရမထေရ်အားလည်းကောင်း၊ ရှင်တစ်ရာကျောင်းတိုက် ရှင်တစ်ရာပဋ္ဌာန်းပူဇော်ရေးအဖွဲ့ဝင်အားလုံးနှင့် ဥပါသကာ, ဥပါသိကာအားလုံးတို့အားလည်းကောင်း ဤကျမ်းစာပြုစုသူက အထူးကျေးဇူးတင်ရှိ ကြောင်း မှတ်တမ်းတင်ပါသည်။

ပူဇော်မှု

၁၈။ ဤသို့ ကြိုးပမ်းအားထုတ်ခဲ့သော "ပဋ္ဌာန်းမြန်မာပြန်အနှစ်ချုပ်" ကျမ်းစာအုပ်ဖြင့် ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော မြောက်ဥက္ကလာပမြို့နယ်၊ ၄-ရပ်ကွက်၊ သန္တာလမ်း၊ မာန်အောင်ကျောင်းတိုက်၊ ရွှေဟင်္သာကျောင်း ပဓာန နာယကဆရာတော်ကြီး ဦးပညာဝံသ အားလည်းကောင်း၊ ငယ်စဉ်အခါက သီရိလင်္ကာနိုင်ငံ၌ပညာသင်ကြားပေးခဲ့သော သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ မကုရာရာမကျောင်းတိုက် (ယခု တာမွေမြို့နယ်၊ နတ်ချောင်း ရပ်ကွက်၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူသော) ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတဦးသိဂ္ဂဝ မထေရ်မြတ်အားလည်းကောင်း၊ ကျေးဇူးရှင် မိဘနှစ်ပါးတို့အားလည်းကောင်း၊ သင်ဆရာ, မြင်ဆရာ, ကြားဆရာအပေါင်းအား လည်းကောင်း ပူဇော်ကန်တော့ပါသည်။

မေလ(၂၇)ရက်၊ ၂၀၀၀-ပြည့်နှစ်။

ဘဒ္ဒန္တဇဝန
အဖွဲ့ဝင်ဆရာတော်
မြို့နယ်သံဃနာယကအဖွဲ့
ရှင်တစ်ရာကျောင်းတိုက်
၄၈-ရပ်ကွက်
ဒဂုံမြို့သစ် (မြောက်ပိုင်း)